**မနသိကာရ**။ ။ **ဝီသယံ မနသိကာရော, သော သာရဏလက္ခဏော၊ သမ္ပယောဇနရသော လမ္ဗာ–ဘိမုခီဘာဝုပဋ္ဌာနော၊ အာလမ္ဗနပဒဋ္ဌာနော, ယထာ ဇာနီယသာရထိ**။

**ဝစနတ္ထ**။ ။[ဝိသယံ–အာရုံကို၊ မနသိ–စိတ်၌၊ ကာရော–ပြုပေးခြင်းသည်၊ မနသိကာရော–မည်၏၊] "မနသိ+ကာရော မနသိကာရော"ဟု အလုတ္တသမာသ် ဝစနတ်ပြု၊ မနသိကာရသည် စိတ်၌ ယှဉ်လျက်ပါသောကြောင့် စိတ်ကိုသာ အာရုံသို့ ရောက်အောင် ပြုပေးနိုင်သည်၊ သို့သော် စိတ်ကို အာရုံသို့ ရောက်အောင် ပြုပေးလျှင် အာရုံကိုလည်း စိတ်သို့ ရောက်အောင် ပြုပေးရာ ရောက်သောကြောင့် "မနသိ–စိတ်၌+ကာရော–အာရုံကို ပြုပေးသောတရား"ဟု ဆိုရသည်။

**လက္ခဏာစသည်**။ ။အာဇာနီယသာရထိ ယထာ–အာဇာနည်မြင်းများကို လိုရာစခန်းသို့ ဖြောင့်တန်းအောင် သွားစေသော ရထားထိန်းကဲ့သို့၊ သော–ဤမနသိကာရသည်၊ သာရဏလက္ခဏော–သမ္ပယုတ်တရားတို့ကို အာရုံသို့ ဖြောင့်တန်းအောင် သွားစေခြင်းလက္ခဏာ ရှိ၏၊ သမ္ပယောဇနရသော–သမ္ပယုတ် တရားတို့ကို အာရုံနှင့် ယှဉ်စေခြင်းကိစ္စ ရှိ၏၊ အာလမ္ဗာဘိမုခီဘာဝဥပဋ္ဌာနော–အာရုံသို့ ရှေးရှုသည်၏အဖြစ်ဖြင့် ယောဂီတို့ ဉာဏ်အား ထင်လာ၏၊ အာလမ္ဗန ပဒဋ္ဌာနော–အာရုံသာလျှင် နီးစွာသောအကြောင်း ရှိ၏။

**ရထားထိန်းနှင့် တူပုံ**။ ။ရထားထိန်းသည် အာဇာနည်မြင်းများကို လိုရာ စကာန်းသို့ ဖြောင့်တန်းစွာ သွားစေသကဲ့သို့, ဤမနသိကာရလည်း ယှဉ်ဖက်တရား တွေကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ် ရောက်ဖို့ရာ အာရုံဘက်သို့ လှည့်ပြီး လျှင် သမ္ပယုတ်တရားတို့ကို အတင်းမောင်းနှင်သကဲ့သို့ ဖြစ်၏၊ မနသိကာရ၏ အစွမ်းသတ္တိကြောင့်ပင် စိတ်စေတသိက်တို့၌ ဘယ်အခါမှ အာရုံ မကင်းဆိတ်ဘဲ အမြဲ အာရုံတစ်ခုခုကို ရလျက်ရှိကြသည်။ [ရထားထိန်းနှင့် မနသိကာရ, အာဇာနည် မြင်းများနှင့် သမ္ပယုတ်တရား, ရထားဆိုက်ရာအရပ်နှင့် အာရုံတို့ တူသည်။]

**[ဆောင်]** ဇာနည်မြင်းများ, ဖြောင့်ဖြောင့် သွားဖို့, ရထားထိန်းပုံ, များအာရုံကို, ထိုထိုစိတ်၌, မဆိတ်စေလျှင်း, ပြုပေးခြင်း, မယွင်း မနသိကာရတည်း။

**မနသိကာရသုံးမျိုး**။ ။မနသိကာရသည် ဝီထိပဋိပါဒက, ဇဝနပဋိပါဒက, အာရမဏပဋိပါဒကဟု သုံးမျိုးရှိ၏၊ ထိုတွင် ဝီထိစိတ်အစဉ်ကို ဖြစ်ပေါ်စေတတ် သော မနသိကာရကို "ဝီထိပဋိပါဒကမနသိကာရ"ဟု ခေါ်သည်၊ ["ဝီထိံ ပဋိပါဒယတီတိ ဝီထိပဋိပါဒကော၊ ဝီထိံ–ဝီထိစိတ်ကို၊ ပဋိပါဒယတိ– ဖြစ်ပေါ်စေတတ်၏၊] တရားကိုယ်မှာ ပဉ္စဒွါရာဝဇ္ဇန်းတည်း၊ မှန်၏–ပဉ္စဒွါရာဝဇ္ဇန်း သည် မိမိနောက်၌ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်းစသော ဝီထိကို ဖြစ်စေတတ်သည်၊

ဇောအစဉ်ကို ဖြစ်ပေါ်စေတတ်သော မနသိကာရကို "ဇဝနပဋိပါဒကမနသိကာရ" ဟု ခေါ်၏၊ တရားကိုယ်မှာ မနောဒွါရာဝဇ္ဇန်းတည်း၊ မှန်၏– မနောဒွါရာဝဇ္ဇန်း သည် မိမိ၏နောက်၌ ဇောအစဉ်ကို ဖြစ်ပေါ်စေတတ်သည်၊ ကျမ်းဂန်များ၌ အသုံးများသော ယောနိသောမနသိကာရ, အယောနိသောမနသိကာရ ဟူသည် ဤမနသိကာရနှစ်မျိုးပင်တည်း၊ ဤမနသိကာရကြောင့် ကုသိုလ် အကုသိုလ် ဖြစ်ပုံကို ဝိထိပိုင်း "ယံကိဉ္စိ လဒ္ဓပစ္စယံ"အဖွင့်၌ ပြအံ့၊ ထိုအာဝဇ္ဇန်း နှစ်ပါးလုံး အတွက် "ပုရိမမနတော ဝိသဒိသံ မနံ ကရောတီတိ မနသိကာရော" ဟု ဝစနတ်ပြု၊ [ပုရိမမနတော–ရှေ့ဘဝင် စိတ်အစဉ်မှ၊ ဝိသဒိသံ–မတူသော၊ မနံ–ဝီထိစိတ်, ဇောစိတ်အစဉ်ကို၊ ကရောတိ–ပြုတတ်၏၊] အာရမ္မဏပဋိပါဒကမနသိကာရကား စိတ်၌ အာရုံကို ပေါ်လာစေတတ်သော ဤမနသိကာရစေတသိက်တည်း။ [အချို့အရာ၌ ဉာဏ်ကိုလည်း ယောနိသောမနသိကာရဟု ကောက်ယူရသေး၏။]

**သဗ္ဗစိတ္တသာဓာရဏာ။** ။သမာနံ+ဓာရဏံ ယေသံတိ သာဓာရဏာ, သဗ္ဗစိတ္တာနံ+သာဓာရဏာ သဗ္ဗစိတ္တသာဓာရဏာ၊ ယေသံ–အကြင်စေတသိက်တို့၏၊ သမာနံ–တူမျှသော၊ ဓာရဏံ–ဆောင်ခြင်းသည်၊ အတ္ထိ–၏၊ ဣတိ–ကြောင့်၊ တေ–ထိုစေတသိက်တို့သည်၊ သာဓာရဏာ–တို့မည်၏၊ သဗ္ဗစိတ္တာနံ–အလုံးစုံသောစိတ်တို့၏၊ ဝါ–တို့နှင့်၊ သာဓာရဏာ–တူမျှသော ဆောင်ခြင်းရှိသော (ဆက်ဆံသော) စေတသိက်တို့သည်၊ သဗ္ဗစိတ္တသာဓာရဏာ–တို့မည်၏၊ ဤဝိဂြိုဟ်အရ သာဓာရဏာ ဟူသောပါဌ်သည် သဒ္ဒါနက်အားဖြင့်"တူမျှသော ဆောင်ခြင်းရှိသည်" ဟု ဖြစ်၏၊ အဓိပ္ပာယ်အားဖြင့် "တန်းတူညီမျှ ရွက်ဆောင်သည်, ဘယ် နေရာ၌မဆို ပိုမို ယုတ်လျော့ခြင်း မရှိ" ဟု ဆိုလို၏၊ ထို့ကြောင့် မိမိတို့ဆိုင်ရာ စိတ်အားလုံး၌ တန်းတူညီမျှ ယှဉ်နိုင်မှသာ သာဓာရဏအမည်ရ၏၊ သောဘနသာဓာရဏ အကုသလသာဓာရဏအမည်ရသော စေတသိက်တို့၏ မိမိတို့ဆိုင်ရာ စိတ်အားလုံး၌ ယှဉ်ပုံကိုလည်းကောင်း, သာဓာရဏအမည် မရသော အပ္ပမညာ,ဝိရတိ,ပညာနှင့် လောဘ စသည်တို့၏ ဆိုင်ရာစိတ်အားလုံး၌ မယှဉ်နိုင်ပုံကိုလည်းကောင်း သတိပြုပါ။

## ပကိဏ်းစေတသိက်များ

**ဝိတက္က။** ။ **ဝိတက္ကေတီတိ ဝိတက္ကော, အဘိနိရောပနလက္ခဏော၊ အာဟနပ္ပရိယာဟန–ရသော အာနယုပဋ္ဌာနော။**

**ဝစနတ္ထ, လက္ခဏာ။** ။[ဝိတက္ကေတီတိ–အာရုံကို ကြံတတ်သည်၏အဖြစ်ကြောင့်၊ ဝိတက္ကော–မည်၏၊ အဘိနိရောပနလက္ခဏော–အာရုံ၌ စိတ်ကို တင်ပေးခြင်း လက္ခဏာ ရှိ၏၊] စိတ်ကို အာရုံသို့ ရောက်၍ ရောက်၍ သွားအောင်